# Minutes of Myanmar Language Information Management Network Meeting

*25th May 2022, 2PM MMT, online via Zoom*

## Agenda

1. Household Amenities in Myanmar – *Presented by MIMU*
2. Climate, Environmental Degradation and Disaster Risk in Myanmar - *Presented by MIMU*
3. 5W Comparison Analysis (2020 – 2022) - *Presented by MIMU*
4. Discussion of Harmonization between Cluster/Sector 5W and MIMU 5W
5. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ
6. အခြားဆွေးနွေးမှုများ

## Attendance

Chair: Ei Ei Thein (MIMU)
Participants: ACF, BS, CARE, CSI, DRC, GNI, HAI, ICAP, Ipas, Jhpiego, KWEG, LWF, MC, MI, MIMU, MRCS, MSU, NRC, NYEIN, PTA, SARA, SP, SWISSAID Myanmar, UNHCR, UNICEF, UNOCHA, UNOPS-Access to Health, UNRCO, WAMM, WF, WFP, WVM (40 participants from 32 organisations)

## 1. Household Amenities in Myanmar – *Presented by MIMU*

မကြာသေးမီက MIMU မှ အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာတို့ဖြင့် ထွက်ရှိခဲ့ပြီးသော ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်ကြား မြန်မာနိုင်ငံရှိ အိမ်အသုံးအဆောင်ပစ္စည်းများ အခြေအနေကို အခြေခံပြီး ဆွေးနွေးတင်ပြခဲ့သည်။ ထိုဆန်းစစ်လေ့လာမှု အကျဉ်းသည် MIMU ၏ တတိယအကြိမ်မြောက် ဆန်းစစ်လေ့လာမှု အကျဉ်းဖြစ်ကြောင်း ဦးစွာ ပြောကြားခဲ့သည်။ *(ဤဆန်းစစ်လေ့လာမှုအကျဉ်းနှင့် ဆက်စပ်သည့်အစီရင်ခံစာများ၊ သရုပ်ဖော်ပုံများ၊ dashboard နှင့် အချက်အလက် ဇယားများကို http://themimu.info/household-amenities-analysis တွင် ရယူနိုင်ပါသည်။)*

ဆက်လက်ပြီး နှစ်စဉ်ပျမ်းမျှ အိမ်ထောင်စုဝင်ငွေ၊ အိမ်ရာပိုင်ဆိုင်မှု၊ အမိုးအကာနှင့် နေအိမ်အမျိုးအစားများ၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အသုံးအဆောင်ပစ္စည်းများတို့ ပါဝင်သော အိမ်အသုံးအဆောင် ပစ္စည်းများ၊ အလင်းရောင်အတွက် အဓိကအသုံးပြုသည့် မီးအမျိုးအစားနှင့် ချက်ပြုတ်ရာတွင် အသုံးပြုသည့် လောင်စာအမျိုးအစားများ၊ သောက်ရေအရင်းအမြစ်နှင့် မိလ္လာစနစ်/အိမ်သာ အမျိုးအစားများ အကြောင်းများကို ၂၀၁၄ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်အခြေအနေများကို နှိုင်းယှဉ် ရှင်းပြဆွေးနွေးခဲ့ပါသည်။ *(မြန်မာနိုင်ငံတွင် သောက်ရေအရင်းအမြစ်များ ပြောင်းလဲလာခြင်း ၂၀၁၄-၂၀၁၉ ကို http://themimu.info/drinking-water-analysis တွင် လေ့လာနိုင်ပါသည်။)*

နိဂုံးချုပ် အနေဖြင့် အိမ်ထောင်စု သုံးပုံတစ်ပုံမှာ ဝါးအိမ်အမျိုးအစား၊ တဲအိမ်အမျိုးအစားတွင် နေထိုင်နေဆဲဖြစ်ပြီး မိုဘိုင်းဖုန်းအသုံးပြုမှုသည် ၂၀၁၄ နဲ့ ယှဉ်ပါက ၂၀၁၉ တွင် ပိုင်ဆိုင်မှု သိသိသာသာ တိုးတက်လာပြီး ရေဒီယိုနဲ့ landline ဖုန်းအသုံးပြုမှု သိသိသာသာ လျော့ကျသွားတာကို တွေ့ရကြောင်း၊ အိမ်ထောင်စု သန်း ၃၀ သည် ပင်မဓာတ်အားလိုင်းနဲ့ ချိတ်ဆက်နိုင်ခြင်းမရှိကြောင်း၊ သန့်ရှင်းသော သောက်ရေ အသုံးပြုမှုမှာ ၈၂ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပြီး သန့်ရှင်းသော မိလ္လာစနစ် အသုံးပြုမှုသည်လဲ ၉၁ ရာခိုင်နှုန်းအထိ ရှိနေတာကို တွေ့ရကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

## 2. Climate, Environmental Degradation and Disaster Risk in Myanmar – *Presented by MIMU*

၂၀၀၀ ကနေ ၂၀၁၉ အတွင်း သဘာဝဘေးအန္တရာယ်ပေါင်းများစွာ ဖြစ်ပွားခဲ့သည်။ ၎င်းတို့အနက် ပြင်းထန်သော ရာသီဥတုဖြစ်ရပ်ပေါင်း ၁၁,၀၀၀ ရှိပြီး လူပေါင်း ၄၇၅,၀၀၀ အသက်ဆုံးရှုံးခဲ့ရပြီး တစ်ကမ္ဘာလုံးတွင် အမေရိကန်ဒေါ်လာ ၃.၅၄ ထရီလီယံ ဆုံးရှုံးခဲ့သည်။ ထိုဆုံးရှုံးမှုသည် ၂၀၃၀ တွင် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃၀၀ ဘီလီယံထိ တိုးလာနိုင်ပြီး ၂၀၅၀ တွင် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၅၀၀ ဘီလီယံထိ တိုးတက်လာနိုင်ကြောင်း ခန့်မှန်းထားပါသည်။ **ဤဆန်းစစ်မှုအကျဉ်းချုပ်သည် မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်များအပေါ် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုတို့၏ လွှမ်းမိုးမှုအား ဖော်ထုတ်နိုင်ရန်** [MIMU-HARP Vulnerability Study] **ရဲ့လေ့လာမှုကို အခြေခံထားပါတယ်။**

မြန်မာနိုင်ငံမှာ ပြောင်းလဲသွားတဲ့ ရေမြေတောတောင် ရှုခင်းများကို ရာသီဥတု ပြောင်းလဲခြင်း, သစ်တောပြုန်းတီးခြင်း, ရေအရင်းအမြစ်ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲမှုတို့အနေဖြင့် ခွဲခြား ရှင်းပြခဲ့ပါသည်။ မြန်မာနိုင်ငံတွင် သက်ရောက်နေ သော သဘာဝဘေးအန္တရာယ်များအမျိုးမျိုးရှိရာမှ အထူးအားဖြင့် မြန်မာနိုင်ငံရှိ နေရာအများအပြား၌ သက်ရောက်မှု မြင့်မားသည့် ဘေးအန္တရာယ်များဖြစ်သော ရေကြီးမှုများ၊ မုန်တိုင်းများ၊ မိုးခေါင်မှုများနှင့် မြေပြိုမှုများအား အထူး အလေး ပေး ဆန်းစစ်ထားပြီး ၎င်းတို့ပေါ်၌ သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုများသည် ကြီးမားသော လွှမ်းမိုးမှုရှိ သောကြောင့်သည်။ ဆက်လက်ပြီး ထိခိုက်လွယ်မှုအခြေအနေဆိုတာ ဘာလဲ၊ ဘယ်သူတွေ ထိခိုက်ခံရတာလဲ၊ ဘယ်ခရိုင်တွေက ထိခိုက်လွယ်တာလဲတို့ကို ဖော်ပြထားပြီး ရေကြီးရေလျှံမှုကြောင့် ဖြစ်တဲ့ ထိခိုက်လွယ်မှု၊ မိုးခေါင်ခြင်းနှင့် အလွန်ပူပြင်းခြောက်သွေ့ခြင်းနှင့် ထိခိုက်လွယ်မှု၊ မြေပြိုခြင်းနှင့် ထိခိုက်လွယ်မှုတို့ကို ဆက်လက်ရှင်းပြခဲ့ပါသည်။

## 3. 5W Comparison Analysis (2020 – 2022) - Presented by MIMU

5W မှ W တစ်ခုချင်းစီ၏ Who, What, Where, When and for Whom အဓိပ္ပါယ်များကို ရှင်းလင်းပြောပြပြီး Orgnisations များအနေဖြင့် 5W report လုပ်သော အရေအတွက်ကို နှိုင်းယှဉ်ရှင်းပြသည်။ ၂၀၂၀ ဩဂုတ်လအထိ အဖွဲ့ပေါင်း ၂၀၀ ပတ်လည်ရှိခဲ့ပြီး မေ ၂၀၂၁ မှာ ၁၅၉ ဖွဲ့ထိ ကျခဲ့သည်။ အောက်တိုဘာ ၂၀၂၁ မှာ ၄ ဖွဲ့သာတိုးလာခဲ့သည်။ ၂၀၂၂ မတ်လမှာ ၂၀၉ ဖွဲ့ရှိလာခဲ့ပြီး National NGO အရေအတွက် သိသိသာသာ တိုးတက်လာခဲ့ပါသည်။

၂၀၂၀ နှင့် ၂၀၂၂ ကြား 5W ကောက်ခံမှု ၄ ကြိမ်ကို နှိုင်းယှဉ်ပါက အဖွဲ့အစည်း အရေအတွက် သည် မေ ၂၀၂၁ မှာ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် နိမ့်ကျနေတာဖြစ်ပြီး ဩဂုတ် ၂၀၂၀ တွင် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကချင်ပြည်နယ်မှ လွဲပြီး အဖွဲ့အစည်းအရေအတွက် အမြင့်ဆုံးဖြစ်သည်။ ဩဂုတ်လ ၂၀၂၀ နှင့် နှိုင်းယှဉ်ပါက ၂၀၂၂ ခုနှစ် မတ်လတွင် ကဏ္ဍ  ၁၅ ခုတွင် အစီရင်ခံမှု လျော့ကျသွားခဲ့ပြီး အချို့ကဏ္ဍ  များမှာ ၂၀၂၂ ခုနှစ် မတ်လတွင်ပိုမိုတိုးတက်လာတာမျိုးကိုလဲ တွေ့ရပါသည်။

ဆက်လက်ပြီး ကျေးရွာအုပ်စု အလိုက် အကောင်အထည်ဖော်နေသော စီမံကိန်းများကို ပေးပို့သော အဖွဲ့အရေအတွက်ကို မြေပုံများနှင့် နှိုင်းယှဉ် တင်ပြဆွေးနွေးခဲ့သည်။ မတ်လ ၂၀၂၂ တွင် တစ်နိုင်ငံလုံး စုစုပေါင်း ကျေးရွာအုပ်စု၏ ၈၃ %

လှုပ်ရှားမှုရှိခဲ့လာခဲ့သော်လည်း ဩဂုတ် ၂၀၂၀ ထက် ၄% လျော့နည်းနေပါသေးသည်။ ဆက်လက်ပြီး လှုပ်ရှားမှု ပြောင်းလဲလာပုံများကို မြေပုံများနှင့် နှိုင်းယှဉ်ဖော်ပြခဲ့သည်။

၂၀၂၁ မှ စပြီး အဖွဲ့အစည်း အမည်များပါဝင်သော အချက်အလက်များ ထိန်းသိမ်းစောက်လျောက်မှုကို 5W product များတွင် စတင်ကျင့်သုံးခဲ့ပါသည်။ 5W product များကို လူတိုင်းသုံးနိုင်ပြီး ၊ အေဂျင်စီအမည်များကို 5W productများ မည်သည့်နေရာတွင်မှ ဖော်ပြမထားတော့ဘဲ မည်သည့်နေရာဒေသများတွင် မည့်သည့်လှုပ်ရှားမှုများရှိသည်ကိုသာ ဖော်ပြထားသည်။ အေဂျင်စီအမည်ပါသော products များကို inter agency coordination လုပ်နေသော အဖွဲ့များ၊ 5W ပေးပို့ထားသော အဖွဲ့များကိုသာ ပေးပါသည်။ ဒေတာထဲတွင် open နှင့် restricted feature ပါရှိပြီး restricted သတ်မှတ်ထားပါက မည်သည့်အဖွဲ့အစည်းကိုမှ ပေးမည်မဟုတ်ပါ။ ဆက်လက်ပြီး MIMU 5W Products များရှိရာ Link များကို ရှင်းလင်းပြောပြပါသည်။ (MIMU 5W Products - https://themimu.info/5w-maps-and-reports)

MIMU Website တွင် 5W Products များကို နောက်ဆုံး ၂ ကြိမ်အတွက် ဖော်ပြထားပေးပြီး ရှေ့ပိုင်း ကောက်ခံခြင်းများမှ Products များကို လိုချင်ပါက MIMU တွင် တောင်းခံနိုင်ပါသည်။ Customized 5W Maps များကိုလဲ တောင်းဆိုနိုင်ပါသည်။ ဆက်လက်ပြီး 5W Overviews, 5W Dashboards များကို ရှင်းပြပြီး 5W Products များကို ပါဝင်ပေးပို့ပေးနိုင်ရန် Entry Form နှင့် Reference Guidelines များကို MIMU 5W webpage မှတဆင့် ရယူနိုင်သည်ကိုလည်း ရှင်းပြပါသည်။ နောက်ဆုံးအနေနှင့် 5W Data နှင့် Products များကို မည်သို့ တောင်းဆိုရမည်ကို နိဂုံးချုပ် ရှင်းလင်းပြောပြပါသည်။

## 4. Discussion of Harmonization between Cluster/Sector 5W and MIMU 5W

MIMU မှ MIMU 5W ကောက်ခံချိန်များ နှင့် ထုတ်ကုန်များ ဖြန့်ဝေချိန်များကို အခြား ကဏ္ဍများနှင့် နှိုင်းယှဉ်ပြီး Data Collection Calendar၊ Product Calendar များ ဖြင့် ရှင်းလင်းတင်ပြပါသည်။

## 5. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ

**CSI။** CSI မှ လက်ရှိ Northern Rakhine State(NRS) မှာ လုပ်ဆောင်နေပြီး Nutrition နဲ့ သက်ဆိုင်တဲ့ Project ကို မောင်တောတွင် စတင်ဆောင်ရွက်နေပါသည်။ Home Garden နှင့် ပတ်သတ်သော Activity များကိုလဲ ဆောင်ရွက်နေပြီး အမျိုးသမီးငယ်များကို Foundational Skill, Transferable Skill (သို့မဟုတ်) Life Skill ကဲ့သို့သော Education နဲ့ သက်ဆိုင်သည့် Activity များကိုလဲ လုပ်ဆောင်နေပါသည်။ Adult women များကိုလဲ Foundation Skill နှင့် Vocational Training များလဲ ပေးပါသည်။ Mine Action နှင့် ပတ်သတ်ပြီး Awareness ပေးခြင်းကိုလဲ ဆောင်ရွက်ပေးနေသည်။ CRS တွင် WASH နှင့် ပတ်သတ်သော Hygine Kit Distribution လှုပ်ရှားမှုများ ဆောင်ရွက်နေပြီး Vocational Training ပေးခြင်းများ လုပ်ဆောင်နေပါသည်။ NRS နှင့် CRS မှာ Community နှစ်ခု ကြားမှာ တွေ့ဆုံးပေးခြင်းများကဲ့သို့သော Dialouge တွေ လုပ်ပေးနေတာ ရှိတယ်။

**WFP။** Food Security Clusterရဲ့ IM နဲ့ ပတ်သတ်ပြီး update အနေဖြင့် Quarter 1 Cluster Report ကို Food Security Cluster Website မှာ တင်ထားပါတယ်။ ပုံမှန်လုပ်နေတဲ့ Analysis တွင် Gap Analysis အနေဖြင့် HIV ၏

2022 Target နဲ့ ပတ်သတ်ပြီး Analysis လုပ်ထားတာရှိသည်၊ သို့သော် ၂၀၂၂ Gap Analysis ကို လုပ်ဆောင်နေဆဲဖြစ်ပြီး Website မှာ မတင်နိုင်သေးပါ။ WASH 3W Partners' Presence Map ကို လုပ်ဆောင်ထားပြီး Cluster Website တွင် တင်ထားသည်။ Quarter 1 အနေဖြင့် Monitoring Report ကို Cluster Website တွင် လေ့လာနိုင်ပါသည်။ *(Food Security Cluster Website - [https://fscluster.org/myanmar](https://fscluster.org/myanmar))*

**CARE။** ၂၀၂၁ ဖေဖဝါရီ နောက်ပိုင်းတွင် လက်ရှိ Programme များကို Humanitarian Adaptable Programme သဘောမျိုး ဆက်လက်လုပ်ကိုင်နေပြီး Humanitarian Programme အသစ်တွေလဲ ရှိသည်။ အဓိကထား လုပ်နေသော နေရာများမှာ Northern Shan၊ ကယား၊ ချင်း၊ ရခိုင်၊ မွန်၊ ကရင် ကို အဓိကထားပြီး ရန်ကုန်၊ မန္တလေးတွင်လဲ vulnerable group များအတွက် rural urban area တွေလဲ ပါသည်။ ချင်းတွင် လောလောဆယ်ရပ်ထားသည်။ Humanitarian Response Coordinator နဲ့ ပတ်သတ်ပြီး ၁ ယောက်ပဲရှိသော နောက်လမှစပြီး Humanitarian Response Senior Officer တစ်ယောက် ထပ်ခန့်ဖို့ ပြင်ထားကာ Cluter 4W, 5W များကို တာဝန်ယူ Report လုပ်မည့် ဝန်ထမ်းတစ်ယောက် ဖြစ်သည်။

**UNHCR။** Protection နှင့် ပတ်သတ်ပြီး Protection 5W Cluster Activities များ ကောက်ထားသည်။ ၎င်း နှင့် ပတ်သတ်သော Products များကို မေလကုန်တွင် ထုတ်ဖို့ရှိသည်။ Protection Incident Monitoring ကို Public မဖြန့်ဝေသော်လဲ Protection Working Group Agency များ access ရမှာ ဖြစ်ပြီး မေလကုန်တွင် Finalize လုပ်မည်။ Shelter/NFI/CCCI အနေဖြင့် Shelter Adviser မှ ဦးဆောင်ပြီး Shelter/NFI WG မှာ ရှိသော အေဂျင်စီများ အကုန်ဖိတ်ပြီး မြန်မာနိုင်ငံမှာရှိသော Content နဲ့ ကိုက်ညီစွာ Terminology၊ Typology များနှင့် ပတ်သတ်ပြီး consistent ဖြစ်အောင် မည်သို့ harmonize လုပ်သင့်လဲ ဆိုတေသာ activities များကို Workshop ပုံစံ ၄ ကြိမ် ပြုလုပ်ခဲ့သည်။ ၎င်းနှင့် ပတ်သတ်သော 5W ကို Data အားလုံး Collect, Analysis လုပ်ထားပြီး OCHA ကိုလဲ Report လုပ်ထားသည်။ ၎င်း Product မှာ လက်ရှိ Ongoing အနေနဲ့ ရှိနေပြီး မေလကုန် သို့ ဇွန်လဆန်းပထမပတ်မှာ အတတ်နိုင်ဆုံး Target ထား Finalize လုပ်ပြီး ဖြန့်ဝေမည်။ Shelter/NFI/CCCM နှင့် ပတ်သတ်ပြီး Central Rakhine State မှာ Q4 မကြာသေးမီက ပြီးထားပြီး Shelter Cluster Website နဲ့ MIMU Website မှာ ကြည့်ရှုနိုင်ပါသည်။ Kachin၊ Northern Shan က camp profile exercise Round 11 ကို Data Collection လုပ်ထားသည်။ Data Quality Issue တချို့ကြောင့် Partner များနှင့် Follow-up လိုက်နေရသည်။ Sub National မှာ ရှိသော လုပ်ဖော်ကိုင်ဖက်များနှင့် ပြန်ဆွေးနွေးပြီး Data Cleaning Process တွေ လုပ်ပြီး နောက်ပိုင်း ဇွန် သို့ ဇူလိုင်ပထမပတ်လောက်မှာ Individual Dashboard ထုတ်ပါမည်။ Cluster နဲ့ ပတ်သတ်ပြီး Internal Discussion ဆက်လုပ်ပြီး Follow-up meeting တွေလဲ ဆက်လုပ်ပေးမည်။

**LWF။** Hope Project ကဏ္ဍ ၄ ခုနဲ့ လုပ်ထားပြီး အဆောက်ဦ ဆောက်ခြင်း၊ သဘာဝဘေးအန္တရာယ်၊ အသက်မွေးဝမ်းကျောင်းခြင်းနှင့် Special Condition တို့ဖြစ်သည်။ မြောက်ဦးနှင့် စစ်တွေတွင် စာသင်ကျောင်းတွေဆောက်ပြီး ဒီလကုန်ပိုင်းတွင် handover လုပ်မည်။ အသက်မွေးဝမ်းကျောင်းပိုင်းမှာ Tebet သင်တန်းတွေ ပေးပြီး ၎င်းတို့ကို survey ကောက်ဖို့ရှိသည်။ မြောက်ဦး၊ ပေါက်တောတို့တွင် Tebet သင်တန်းတွေ စပေးဖို့ ရှိသည်။ DRR ပိုင်းနဲ့ ပတ်သတ်ပြီးလဲ DRR Awareness Section တွေ ပေးနေပါသည်။

**Mercy Corps။** Cash Working Group သည် ပုံမှန် ၁ နှစ် ၂ ကြိမ် ဒေတာကောက်ပြီး Infogrpahic မှာ မေလကုန် ထွက်မည်။ Dashboard မှာ ဇွန်လလောက်တွင် ထွက်မည်။ Cluster များ၏ IM Focal များနှင့် ဆက်သွယ်ချင်သည်။ ဒေတာများကို ထပ်ခါ ထပ်ခါ မပေးရစေရန် Data Integration လုပ်ချင်သည်။

**MIMU။** 5W ပြီးသွားပြီး Assessment Tracking Update လုပ်နေသည်။ Assessment/Publication/Survey တွေရှိရင် ပေးပို့စေချင်သည်။ Data Analysis Training ကို ဖိတ်ထားပြီး ၂၆ ရက်နေ့ နောက်ဆုံး လျှောက်လွှာတင်ရမည်။ Data Analysis သည် IM Workshop ၏ ခေါင်းစဉ်လေးတစ်ခု ဖြစ်သောကြောင့် ၎င်းကို ဆက်လေ့လာချင်သူများ အတွက် IM Workshop ပြီးထားသူတွေကိုသာ ဖိတ်ပါသည်။ IM Workshop ကို ဇွန် ၂၇ မှ ၃၀ ရက်နေ့ထိ လုပ်မှာဖြစ်ပြီး ဇွန် ၃ရက်အထိ လျှောက်ထားနိုင်သည်။

**OCHA။** OCHA အနေဖြင့် Humanitarian Response Plan နဲ့ ပတ်သတ်ပြီး Quarter 1 Monitoring Report ထွက်ရှိထားပါသည်၊ Response Plan ၁ နှစ်စာ Target ထားသော population မှာ 6.2 million ရှိပြီး Q1 အထိ ရသော အချက်အလက်အရ Reach Population မှာ 2.6 million (၄၀%) အထိ ရောက်သွားပါသည်။ Funding အနေဖြင့် 30 million အခက်အခဲရှိတဲ့သူတွေဆီကို ရောက်သွားပါတယ်။ *(Product Link - https://reliefweb.int/report/myanmar/myanmar-humanitarian-response-plan-2022-quarter-one-dashboard-jan-mar-2022)*

## 6. အခြားဆွေးနွေးမှုများ

နောက် meeting ကို ဇူလိုင်လ နောက်ဆုံးအပတ် ၂၇ ရက်နေ့တွင် လုပ်ပါမည်။ IM Product နဲ့ ပတ်သတ်ပြီး Present လုပ်လိုပါက မအိအိသိန်းကို ဆက်သွယ်နိုင်ပါသည်။